# အပြစ်ပေးခြင်း


Adelheid Marie Bwire
Melany Pietersen
Naw Thazin Hpway


2

မြန်မာဘာသာ my

တစ်နေ့တော့ မေမေဟာ သစ်သီးတွေအများကြီးယူ
လာပါတယ်။

“သမီးတို့ဘယ်အချိန်လောက် အသီးတွေစားကမြလဲ” လိုမေးလိုက်တယ်။ မေမေက “သစ်သီးတွေကို ညကျရင် စားမယ်” လို့မေမေကပြောပါတယ်။

ကျွန်မရဲ့အစ်ကို ရာဟင်က လောဘကြီးပါတယ်။ သစ်သီးတိုင်းကို စားပါတယ်။ အများကြီးကိုစားပစ်လိုက်ပါတယ်။

ကျွန်မရဲ့ မောင်လေးက “ရာဟင်ဘယ်လိုလုပ်လိုက်သလဲဆိုတာ ကြည့်လိုက်ပါဦး” လို့ အော်လိုက်ပါတယ်။ “ရာဟာက အရမ်းဆိုးပြီးတစ်ကိုယ်ကောင်းဆန်တာဘဲ” လို့ကျွန်မက ပြောလိုက်ပါတယ်။

အမေဟာ ရာဟင့်ကို အရမ်းစိတ်ဆိုးသွားပါတယ်။

ကျွန်မတို့အားလုံးလဲ ရာဟင်ကိုစိတ်ဆိုးသွားပါတယ်။
ရာဟင်ကတော့ စိတ်မကောင်းမဖစြ်ပါဘူး။

ကျွန်မရဲ့ မောင်လေးက “ရာဟင်ကိုအပြစ်မပေးဘူးလား” လို့မေးပါတယ်။

မေမေက “ရှာဟင်, သားသိပ်မကြာခင်နောင်တရလိမ့်မယ်” လို့သတိပေးပါတယ်။

ရာဟင်ဟာ သိပ်မကြာခင်နေမကောင်းဖြစ်လာပါတယ်။

ရာဟင်က “သားဗိုက်က အရမ်းနာတာဘဲ” လို့တိုးတိုး လေးပြောပါတယ်။

မေမေက ဒီလိုမျိုးဖြစ်လာမယ်လို့ သိပြီးသာဖြစ်တယ်။
သစ်သီးတွေကော ရာဟင်ကို အပြစ်ပေးနေပါပြီ။

နောက်တော့ ရာဟင်ဟာ ကျွန်မတို့ကို တောင်းပန်ကြောင်းပြောပါတယ်။ သူက “ငါဒီလိုမျိုး ဘယ်တော့မှလုပ်တော့မှာမဟုတ်ဘူး” လို့ ကတိပေးပါတယ်။ အဲ့ဒီတော့ ကျွန်မတို့အားလုံး သူ့ကို ယုံကြည်ပေးကြပါတယ်။

# Global Storybooks

globalstorybooks.net

## အပြစ်ပေးခြင်း


Adelheid Marie Bwire
Melany Pietersen
Naw Thazin Hpway


CC BY